University of Mandalay Open Access Repository

| | |
|---|---|
| Title | Environmental Preservation During the Reign of Myanmar Kings |
| All Authors | Moe Moe Oo |
| Publication Type | Local Publication |
| Publisher (Journal name, issue no., page no etc.) | Mandalay University of Distance Education, Annual Magazine |
| Abstract | This article study has the objective of sketching the possible of the Myanmar sanctuary sector during the reign of Myanmar kings. It comprises eight sections: environmental preservation, the role of the sanctuary sector, division, location, time, the religious vision in Kon-baung period, proposed strategy to create a better future, and conclusions. |
| Keywords | various sanctuary |
| Citation | |
| Issue Date | 2015-2016 |

# မြန်မာမင်းများလက်ထက် ပတ်ဝန်းကျင် ထိန်းသိမ်းမှု

ဒေါက်တာ မိုးမိုးဦး၊ တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ မန္တလေး အဝေးသင်တက္ကသိုလ်

စက်မှုတော်လှန်ရေး ကြောင့်သာယာစိုပြေသော ကျွန်ုပ်တို့ နေထိုင်ရာ ကမာကြီးသည် အချုပ်အနှောင်ခံရဘသို့ ရောက်ကာ တစစပူနွေးလာပြီး အက်စစ်မိုး ရွာခြင်း၊ ဖန်လုံအင အာနိသင်တိုးပွားလာခြင်း၊ အိုဇုန်းလွှာပါးလာခြင်းစသည့်ဆိုးကျိုးတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လုပ်မှုများလျော့ချရန်အတွက် သစ်ပင်များ ကိုပိုမိုစိုက်ပျိုးပြီး သဘာဝ ပတ်ဝန်းကျငထိန်းသိမ်းမှုကို နှိုးဆော်လျှက်ရှိသည်။ နှစ်ဆယ်ရာစု အစပိုင်းလောက်မှစ၍ သိပပညာရှင် အချို့သည် သဘာဝပတ်ဝန်းကျင် များပြောင်းလဲလာခြင်းကို ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၌မူ ရှေးမြန်မာမင်းများ လက်ထက်ကပင် ဘေးမဲ့ပေးခြင်းဖြင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြသည်။ ဘေးမဲ့ပေးခြင်းဆိုသည်မှာ ပတ်ဝန်းကျင် အတွင်း မှီတင်းနေထင်ကြသော သား၊ ငါးများ မသတ်ရန်နှင့် လူတို့မှီတင်းနေထိုင်ကြသော သဘ ၁ဝပတ်ဝန်းကျင်အား မထိခိုက် ရန်အတွက် ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ ဘေးမဲ့ပေးခြင်း နှင့်ပတ်သက ၍ ကုန်းဘေ ၁င်ဆက်၊ တတိယတွဲ မှအထောက်အထားများကို မှီငြမ်းတင်ပြလိုပါသည်။ ကုနးဘောင်ခေတ်ဦးမင်းများ၏ ဘေးမဲ့ပေးသည့် အထောက အထားများ နည်းပါးသော်လည်း ကုန်းဘောင်ခေတ် နှောင်းမင်းများ ဖြစ်သည့် ပုဂံမင်း (၁၈၄၆–၅၃)၊ မင်းတုန်းမင်း (၁၈၅၃–၁၈၇၈)၊ သီပေါမင်း (၁၈၇၈–၈၅) လက်ထက် ဘေး မဲ့ပေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ ကြသည်ကိုအောက်ပါ ဇယား၌လေ့လာရပါသည်။

ဇယား–၁ ကုန်းဘောင်ခေတ် နှောင်း မြန်မာမင်းများ၏ ပတ်ဝန်းကျင်ထိန်းသိမ်းမှု

| မင်း | နန်းစံသက် | အရေအတွက် | (%) |
|---|---|---|---|
| ပုဂံမင်း (၁၈၄၆–၅၃) | ၄ | ၂ | ၂.၆ % |
| မင်းတုန်းမင်း (၁၈၅၃–၁၈၇၈) | ၂၅ | ၇၃ | ၉၄.၈ % |
| သီပေါမင်း (၁၈၇၈–၈၅) | ၇ | ၂ | ၂.၆% |

ပင်ရင်း။ ။ဦးမောင်မောင်တင်၊ *ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ ရန်ကုန်မြို့၊ ရာပြည့်ပုံနှိပ်တိုက်၊၂၀၀၄၊ ၆၇၊ ၁၁၅၊ ၁၂၉၊ ၁၄၃၊ ၁၄၈၊ ၁၅၄၊ ၁၅၅၊ ၁၅၆၊ ၁၆၉၊ ၂၂၄၊ ၁၇၀၊ ၁၇၁၊ ၁၇၈၊ ၁၈၀၊ ၁၈၁။ ၁၉၂၊ ၂၀၀၊ ၂၀၄၊ ၂၀၇၊ ၂၀၈၊ ၂၁၃၊ ၁၉၇၊ ၁၉၈၊ ၂၁၅၊ ၂၁၆၊ ၂၁၇၊ ၂၁၉၊ ၂၂၂၊ ၂၂၄၊ ၂၂၈၊ ၂၉၊ ၃၀၅၊ ၃၄၁၊ ၃၇၁

မင်းတုန်းမင်း လက်ထက် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအ များဆုံးတွေ့ရပါသည်။ ကုန်းဘောင်ခေတ် နှောင်း (၁၈၄၆–၁၈၈၅) နှစ်ပေါင်း သုံးဆယ့်ကိုး နှစ်အတွင်း တိုင်းအလိုက် ဘေမဲ့ပေးသည့် အရေအတွက် ကိုခွဲခြမ်း စိတ်ဖြာကြည့်ရသော်

| တိုင်း | အရေအတွက် |
|---|---|
| စစ်ကိုင်းတိုင်း | ၄၅ |
| မန္တလေးတိုင်း | ၁၅ |
| မကွေးတိုင်း | ၇ |
| အမည်မသိ | ၁၀ |
| စုစုပေါင်း | ၇၇ |

ဘေမဲ့ပေးသည့် အရေအတွက်(၇၇)အနက် ဘေမဲ့ပေး ပတ်ဝန်းကျင်ထိန်းသိမ်းသည့် နေရာများကို တွက်ဆကြည့်ရသော်

| နေရာ | အရေအတွက် |
|---|---|
| ကန် | ၉ |
| ချောင်း | ၅ |
| အင်း | ၄၉ |
| မြို့ | ၁ |
| ရွာ | ၂၅ |
| ကျောင်းတိုက် | ၄၁ |
| ဘုရား | ၄ |
| သိမ် | ၁ |
| ဘိဿိတ်သွန်း | ၂ |
| စုစုပေါင်း | ၁၃၇ |

စသည့် နေရာအသီးသီး တို့ အားထိန်းသိမ်း မှုကို တွေ့ရပါသည်။ ဘေးမဲ့ပေးသည့် လ များကို ဆန်းစစ်ကြည့်ရသော်

| လ | အရေအတွက် |
|---|---|
| ဖေ ဖော်ဝါရီ | ၁ |

| | |
|---|---|
| မတ် | ၃ |
| ဧပြီ | ၃ |
| မေ | ၆ |
| ဇွန် | ၃ |
| ဇူလိုင် | ၅ |
| ဩဂုတ် | ၇ |
| စက်တင်ဘာ | ၁ |
| အောက်တိုဘာ | ၆ |
| နိုဝင်ဘာ | ၂ |
| ဒီဇင်ဘာ | ၅ |
| လမပါ | ၃၅ |

ရှေးမြန်မာမင်းများ ဘေ းမဲ့ပေးသည့် လ အား အတိအကျ သတ်မှတ်မှုမရှိပါ။ အလှူဒါန ပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရမည်ဆိုလျှင် အချိန်ကာလ သတ်မှတ်ခြင်း မရှိသည့် စေတနာကို ခန့်မှန်းနိုင်ပါသည်။

မထ္တီလာကန် တစ်ဝိုက်တွင် သား၊ငါး မသတ်ရန်နှင့် ကန်ဆည်ဖို့ရန်ဟူသော ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို သာအလေးပေး ဖေါ်ပြသော်လည်း အခြားဒေသများတွင်

- သား၊ငါးမသတ်ရန်
- ခိုးသားတို့အားဘေးမဲ့ပေးရန်
- တွင်းပိုးများအားဘေးမဲ့ပေးရန်
- ထောင်ကျကျား၊မတို့အားဘေးမဲ့ပေးရန်

တို့ပါရှိသည်။ ထိုသို့ ဘေးမဲ့ပေး ရန်အတွက် မေတ္တာရပ်ခံကြသောဆရာတော်များမှာ

- သာသနာပိုင် ပထမ မောင်းထောင်း ဆရာတော် (၁၇၉၆)
- ရတနာ ထွတ်ခေါင် တောရ ဆရာတော် (၁၈၅၄)
- ရှင်ဝါယ ဆရာတော် (၁၈၅၅)
- ရှင်အဂ္ဂ ဆရာတော် (၁၈၅၅)
- ရှမ်းကလေးကျွန်း ဆရာတော် (၁၈၅၇)
- မြစုရွာတောရ ဆရာတော် (၁၈၅၇)
- သရက်တောရ ဆရာတော် (၁၈၅၇)
- ရှင်ဇာဂရ ဆရာတော် (၁၈၅၇)
- ရွှေမြင်တင်တောင်ထွတ်ခေါင် ဆရာတော် (၁၈၆၃)

ဆရာတော်တမှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှု အတွက် တတပ်တအား ပါဝင်ခဲ့ကြသည်။

ကုန်းဘောင်ဆက်၊ တတိယတွဲ မှအထောက်အထား (၃)ခု၊ ခေတ်ပြိုင်မှတ်တမ်း (၅)ခုအရ မထွီလာကန် တစ်ဝိုက်တွင် မင်းများဆည်ဖို့ ပြုပြင်ကာ ပတ်ဝန်းကျင်ထိန်းသိမ်း ပြီးအလေးပေး ဆောင်ရွက်ခဲ့ ကြသည်။

ဇယား–၂ မြန်မာမင်းများလက်ထက်မထလာကန်တစ်ဝိုက်ပတ်ဝန်းကျင်ထိန်းသိမ်းမှု

| ခုနှစ် | မင်း | ပြုပြင်မှု | မှတ်ချက် |
|---|---|---|---|
| ၁၃၆၈ | မင်းကြီးစွာစော်ကဲ | လင်းဇင်းဆည်နှင့် မြောင်းမတော်–၃၀၀၊ မြောင်းငယ်–၂၅၀ တူးဖေါ်ခဲ့ | မထွီလာကန်ကျိုးပေါက် |
| ၁၅ ဇန်နဝါရီ ၁၇၉၆ – | ဗဒုံမင်း သာယာဝတီမင်း | မထွီလာကန်ဆည်ဖို့ နတ်မောက်ကန်ရိုး ပြင်ဆင်ခဲ့ | ဆည်ဖို့(၉၅) ရက်ကြာ လျှောင်လှုပ် |
| ဩဂုတ် ၁၈၅၅ | မင်းတုန်းမင်း | သား၊ငါး မသတ်ရန် | |
| ဇွစက်တင်ဘာ ၁၈၅၅ | မင်းတုန်းမင်း | ကန်တွင်းပိုးများအား ဘေးမဲ့ပေး ရန် | |
| ၁၈၅၆ | မင်းတုန်းမင်း | နတ်မောက်ကန်ရိုး ပြင်ဆင်ခဲ့ | |
| ၆ ဇူလိုင် ၁၈၅၆ | မင်းတုန်းမင်း | မထွီလာကန်မြို့ (မင်းလှကန်) ပြုပြင်ခဲ့ | |
| အောက်တိုဘာ ၁၈၅၆ | မင်းတုန်းမင်း | မထွီလာကန် ဘေးမဲ့ပေး ရန် | |

ပင်ရင်း။ ။ မောင်းထောင်း ဆရာတော်၊ ၁၉၆၁၊ ၅၇၅။ ဦးထွန်းညို၊ ပေ–၅၄၃၊ ဃ၊ ဝမ်း၊
ကြောင်းရေ–၁၊၂။ဧကရီဘုရင်မထံ ဆက်သွင်းရန် ရာဇဝင်သမိုင်း သခေ်ပ၊ပုရပိုက်
အမတ်–၂၀။မောင်မောင်တင် ၂၀၀၄။ ၁၇၁။ ၁၁၅၉၊ ၁၁၆၉။ မ အုညွှေကညယ ၁၉၈၆ယ
၄၁၅

တွေ့ရှိရသောထောက်အထားများအရ မြန်မာမင်းများ ကန်ဆည်ဖို့ပြုပြင်ခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးအတွက်အရေးပါမှုကို ကြိုတင်တွက်ဆနိုင်ခဲ့သည်။ မင်းတုန်းမင်း လက်ထက် အထူးကြပ်မတ်ဆောင်ရွက်ရခြင်းမှာ မထွီလာကန်တွင် နတ်မောက်ကန်ရိုး၊ မထောင်းတာကန်ရိုးနှင့် လင်းဇင်းကန်ရိုး ဟူသော ဆည်(၃) တန်ရှိခဲ့သည်။ မြေဇကပေါင်း (၁၅၀၀)ဧက

ခန့် ရေဖြန့်ဖြူး ပေးနိုင်စွမ်းရပြီး စိုက်ပျိုးရေး အတွက်အရေးပါသဖြင့် ဗဒုံမင်းလက်ထက် (၁၀ ဧပြီ ၁၇၉၆)တွင် ကန်ကိုစတင်ဆည်ဖို့သည်။ မထောင်းတာကန်ကို အိမ်ရှေ့မင်းမှ တာဝန်ယူပြီး နတ်မောက်ကန်ရိုး ကိုအခြားအဖွဲ့များမှတာဝန်ယူသည်။

မထ္တီလာကန်သည် မြောင်းမတော်၃၀၀၊ မြောင်းငယ်၂၅၀ ကိုတူးဖေါ်ကာ ကန်ရေသောက်လယပေါင်းပယ် ၃၀၀၀၀ (၅၃၁၀၀ ဧက) ကိုထပ်တိုးနိုင်သဖြင့် ရေးပေး ဝေရန် မင်းကြီးစွာစော်ကဲ စ၍တူးဖေါ်ခဲ့ သည်မှစ၍ ဗဒုံမင်းသည် ဆည်ထမ်း၊ မြောင်းထိမ်း၊ ရေထိမ်း၊ ရေကြည့် များကိုလည်း တာဝန်ပေးအပ်ခဲ့သည်။ ကန်ကိုဖျက်စီးမည့်သူများရှိက အပြစ်ဒဏ်စီရင်မည့်အမိန့်တော်ကို ထုတ်ပြန်ကာ သဘာဝ ပတ်ဝန်းကျင်ကိုထိမ်းသိမ်းခဲ့သည်။

အပြစ်ပေးမှုများရှိသကဲ့သို့ ကန်တော်ထိမ်းသိမ်းသူ၊ ဦးစီးဆည်ဖို့သူများဖြစ်ကြသည့်

ဝတ်မစွတ်မြို့စားအတွင်းဝန်မင်းကြီး မဟာအဘယ

လေှတော်အုပ်မင်းလှမင်းကျော်သီရိ
ရွှေမြို့တော်စာရေး မင်းထင်သိဃ်ရာဇာ
လက်ဆွဲတော်ကြီး မင်းလှရဲသူကျော်ထင်
မထ္တီလာ၊ပင်း၊ ကျောက်ပတောင်း၊ (၃)မြို့အုပ်မင်း ထင်သမန္တ ရာဇာ
တို့အားဆုတော်များချီးမြှင့်ပေးသနားခြင်းဖြင့်ကန်တော်ထိမ်းသိမ်းပေးရန်ဆောင်ရွက်စေခဲ့သ
ည်။

ရှေးမြန်မာမင်းများ လက်ထက်ကထိုသို့ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဖြင့် အခြေချနေ ထိုင်မှုကိုတိုး တက်စေခဲ့သည်။ လူ့အဖွဲ့အစည်း တိုးတက်ကောင်းမွန် စေရန်အတွက် နောင်လာ နောက်သားတို့၏ အမွေဆိုင် ကထိန်းသိမ်း ရန်လိုအပ်ပါသည်။

## ကျမ်းကိုးစာရင်း

**ကျောက်စာ**

မထ္တီလာကန် တော်ကြီးသမိုင်း ကျောက်စာ၊ ကျော၊ ကြောင်းရေ-၂၃-၂၄

**ပုရပိုက်အထောက်အထား**

ဧကရီဘုရင်မထံဆက်သွင်းရန်ရာဇဝင်သမိုင်းသခ်ေပ၊ ပုရပိုက်အမှတ်-၂၀၊ မထ္တီလာတက္ကသိုလ်

**ပေအထောက်အထား**

ထွန်းညို၊ ဦး။ တွင်းသင်းမင်း၊ *မထ္တီလာကန်ကျောက်စာ*၊ ပေ-၅၄၃၊ ရနကုန်၊ အမျိုးသားစာကြည့်တိုက်

**မြန်မာထောက်အထားများ**

တင်၊ ဦး။ မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့်အမိန့်တော်တမ်းကြီး၊ တတိယပိုင်း၊ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊

၁၉၇၀

ပထမ မောင်းထောင်း ဆရာတော်၊ *အမေးတော်ဖြေ*၊ မန္တလေးမြို့၊ ဇမ္ဗူ မိတ်ဆွေ ပိဋကတ်တိုက်၊
၁၉၆၁

မောင်မောင်တင်၊ ဦး။ *ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး*၊ ရန်ကုန်မြို့၊ ရာပြည့်ပုံနှိပ်တိုက်၊
၂၀၀၄

## အင်္ဂလိပ်အထောက်အထားများ

Than Tun, Dr.ed., *The Royal Orders of Burma*, A.D.( 1853 - 1885 ), Part IX, Kyoto, the Center for Southeast Asian Studies, Kyoto University, 1986